# လူသစ်အဖြစ် အသင်းတော်အတွက် ခရစ်တော်သည် အလုံးစုံဖြစ်ခြင်းနှင့် အလုံးစုံ၌ရှိတော်မူခြင်း

Message Three

## ခရစ်တော်သည် ဝိညာဉ်ရေးရာ အကြောင်းကိစ္စများနှင့် အရာများအားလုံး ဖြစ်ခြင်း

ဖတ်ရန်ကျမ်း။ ။ ဧ၁း၁၀။ ကော၁း၁၈။ ၃း၁၁ခ။ ယော၁း၂၉။ ၆း၄၈။ ၈း၁၂၊ ၂၄၊ ၂၈။
၁၁း၂၅။ ၁၄း၆။ ၁ကော၁း၃၀။ ကော၃း၄။ ၁တိ၁း၁

**I. ခရစ်တော်သည် ဘုရားသခင်၏ပန်းတိုင်နှင့် ဘုရားသခင်၏ နည်းလမ်းဖြစ်သည်။**

A. ဧဖက်စာစောင်က ကာလအချိန် ပြည့်ဝပြည့်စုံခြင်း၏ စီမံကိန်းအတိုင်း ဘုရားသခင်သည် ကောင်းကင်များရှိအရာများနှင့် မြေကြီးပေါ် ရှိအရာများ တည်းဟူသော အရာအားလုံးကို ခရစ်တော်၌ ချုပ်ချာစေရန် အလိုတော်ရှိကြောင်း ပြသထားသည် - ၁း၁၀။

B. ကောလောသဲစာစောင်က ဘုရားသခင်သည် ခရစ်တော်ကို အရာခပ်သိမ်းအပေါ် ဦးခေါင်းတော်ဖြစ်စေရုံသာမက၊ ကိုယ်တော်ကို အလုံးစုံဖြစ်စေ၍၊ အလုံးစုံတို့၌ ရှိစေတော်မူသည် - ၁း၁၈။ ၃း၁၁ခ။

C. ဘုရားသခင်၏ပန်းတိုင်သည် ခရစ်တော်ဖြစ်ပြီး၊ ကိုယ်တော်၏ နည်းလမ်းမှာလည်း ခရစ်တော်ဖြစ်သည်။ ခရစ်တော်သည် အရာအားလုံးအထက်မှာ ဦးခေါင်းတော်ဖြစ်ရန်အလို့ငှာ ဘုရားသခင်က ခရစ်တော်ကို အလုံးစုံဖြစ်စေ၍၊ အလုံးစုံတို့ရှိစေရမည်ဖြစ်သည်။

**II. ဘုရားသခင်၏အမြင်၌ မည်သည့်အကြောင်းကိစ္စ၊ မည်သည့်အရာမျှမရှိဘဲ၊ ခရစ်တော်သာ ရှိသည်။**

A. ယောဟန်ဧဝံဂေလိစာစောင်ရှိ ဖွင့်ပြခြင်းမှာ -

1. ခရစ်တော်သည် လောက၏အလင်းဖြစ်သည် - ၈း၁၂။
2. ခရစ်တော်သည် အသက်မုန့်ဖြစ်သည် - ၆း၄၈။
3. ခရစ်တော်သည် လမ်း၊ သမ္မာတရားနှင့် အသက်ဖြစ်သည် - ၁၄း၆။
4. ခရစ်တော်သည် ရှင်ပြန်ထမြောက်ခြင်းနှင့် အသက်ဖြစ်သည် - ၁၁း၂၅။
5. ခရစ်တော်သည် "ငါဖြစ်သည့်"အရှင်ဖြစ်သည် - ၈း၂၄၊ ၂၈၊ ၅၈။
6. ဘုရားသခင်၏ခရစ်တော်သည် ဘုရားသခင်၏အကြောင်းကိစ္စဖြစ်သည်။ ဘုရားသခင်၌ အကြောင်းကိစ္စများ မရှိပါ၊ ဘုရားသခင်၌ ခရစ်တော်သာ ရှိသည်။
7. ခရစ်တော်မှလွဲ၍ ဘုရားသခင်၌ ဘာမျှမရှိပါ။

B. ပေါလု၏ ဩဝါဒစာစောင်များမှ -

1. ခရစ်တော်သည် ကျွန်ုပ်တို့၏ မျှော်လင့်ခြင်းဖြစ်သည် - ၁တိ၁း၁။
2. ခရစ်တော်သည် ကျွန်ုပ်တို့၏အသက်ဖြစ်သည် - ကော၃း၄။
3. ခရစ်တော်သည် ကျွန်ုပ်တို့၏ ဉာဏ်ပညာ၊ ဖြောင့်မတ်ခြင်း၊ သန့်ရှင်းစင်ကြယ်ခြင်းနှင့် ရွေးနုတ်ခြင်းဖြစ်သည် - ၁ကော၁း၃၀။

**III. အသက်၏ခရစ်ယာန်ဖြစ်ခြင်းနှင့် အပြုအမူ၏ခရစ်ယာန်ဖြစ်ခြင်းအကြား ခြားနားချက်မှာ -**

A. အသက်၏ခရစ်ယာန်ဖြစ်ခြင်းသည် ဝိညာဉ်ရေးရာဖြစ်ပြီး၊ ဘုရားသခင်၏အရာဖြစ်ကာ၊ အပြုအမူ၏ခရစ်ယာန်ဖြစ်ခြင်းမှာမူ ဝိညာဉ်ရေးရာမဟုတ်ဘဲ၊ လူ့အသိဉာဏ်၏အရာ ဖြစ်သည်။

B. ယနေ့၏ ခရစ်ယာန်လောကသည် မတူညီသောလူများက မတူညီသော အရာများကို ရှာဖွေကြသည့် တစ်ပိုင်းတစ်စစီဖြစ်နေကြသော ခရစ်ယာန်လောက ဖြစ်သည်။

C. စစ်မှန်သော ခရစ်ယာန်ဖြစ်ခြင်းမှာ ခရစ်တော်က သင့်ကို တစ်စုံတစ်ရာ ပေးခြင်းမျိုး မဟုတ်ပါ၊ သို့သော် ခရစ်တော်က မိမိ

ကိုယ်တော်တိုင်ကို သင့်အား ပေးခြင်းဖြစ်သည်။

D. စစ်မှန်သော ခရစ်ယာန်ဖြစ်ခြင်း၌ ပုဂ္ဂိုလ်ဖြစ်ခြင်းမရှိသောအရာများ မရှိပါ၊ တုနှိုင်းရာမဲ့ပုဂ္ဂိုလ်မှာ ခရစ်တော်ဖြစ်သည်။

E. များစွာသောခရစ်ယာန်များသည် ကျဆင်းနေကြရခြင်းမှာ သူတို့သည် သခင်ဘုရားရှေ့တော်၌ တစ်ပိုင်းတစ်စစီဖြစ်သော အရာများကိုသာ ရရှိထားကြသောကြောင့် ဖြစ်သည်။ သူတို့သည် သူတို့အား ဘုရားသခင်ပေးထားခဲ့ပြီးသော ခရစ်တော်ကို လက်ခံရရှိခြင်း မရှိကြပေ။

F. ဤမေးခွန်းသည် ဖြေရှင်းခံရပြီးသောအခါ၊ မေးခွန်းများအားလုံးသည် ဖြေရှင်းပြီးသား ဖြစ်သည်။

## IV. ဘုရားသခင်၏ ဖြိုချခြင်းနှင့် တည်ဆောက်ခြင်း အလုပ် -

A. ဘုရားသခင်က ကျွန်ုပ်တို့၌ရှိသော လောကဆိုင်ရာနှင့် ဝိညာဉ်ဆိုင်ရာ အရာခပ်သိမ်းကို ဖယ်ရှားပစ်ပြီး၊ ယင်းတို့ကို ခရစ်တော်ဖြင့် အစားထိုးခြင်းရှိရမည်ဖြစ်သည်။

B. ဘုရားသခင်၏ ဖြိုချခြင်းအလုပ်နှင့်အတူ ကိုယ်တော်၏ တည်ဆောက်ခြင်းအလုပ်သည် ကိုယ်တော်၏များစွာသော သားများ၌ နေ့စဉ် ဆက်သွားနေမည်ဖြစ်သည် - ၂ကော၊၄း၁၀-၁၂။

C. ဘုရားသခင်သည် သင့်ထံမှ များစွာသော "အရာများ"ကို ဖယ်ရှားပေးလိမ့်မည်။ ကိုယ်တော်သည် တစ်ဦးတည်းကိုသာ ပေးတော်မူမည်၊ ကိုယ်တော်သည် သင့်အား ပုဂ္ဂိုလ်ကိုသာ ပေးတော်မူမည်။ ဤအရှင်သည် သင်၏နှိမ့်ချခြင်း၊ သင်၏သည်းခံခြင်း၊ သင်၏နူးညံ့ခြင်းနှင့် သင်၏ ချစ်ခြင်းဖြစ်လိမ့်မည်။ ကိုယ်တော်သည် ဖြစ်တော်မူသောအရှင် ဖြစ်သည်။

## V. ခရစ်တော်ကို သိကျွမ်းခြင်း၏ အဓိပ္ပာယ် -

A. ခရစ်တော်ကို သိကျွမ်းခြင်းမှာ အကြောင်းကိစ္စများနှင့် အရာများမှတစ်ဆင့် ကိုယ်တော်ကို သိကျွမ်းခြင်းဖြစ်ပြီး၊ ယင်းမှာ ခရစ်တော်သည် ကျွန်ုပ်တို့၏အကြောင်းကိစ္စများနှင့် ခရစ်တော်သည် ကျွန်ုပ်တို့၏ အရာများဖြစ်ကြောင်း ဆိုလိုသည် - ဉာဏ်၊ ဖိ၊၃း၁၀က။

B. ဤအရာသည် အရာခပ်သိမ်း၏ ဗဟိုချက်ဖြစ်သည် - ခရစ်တော်သည် ဖြစ်တော်မူသောအရှင် ဖြစ်သည်။

C. များစွာသောသူတို့က ခရစ်တော်ကို သူတို့၏သခင်အဖြစ် သိကြသော်လည်း၊ သူတို့က ခရစ်တော်သည် သူတို့၏ အကြောင်းကိစ္စများနှင့် အရာများဖြစ်ကြောင်း မသိကြပေ။ ကိုယ်တော်ကို သိသောသူများအားလုံးသည် ကိုယ်တော်ကို ရွေးနုတ်ရှင်၊ ဖြောင့်မတ်စေရှင်၊ သန့်ရှင်းစေသောအရှင် သို့မဟုတ် အခြား "-အရှင်"တစ်ခုခု အဖြစ်၊ ကိုယ်တော်၏အလုပ်ကိုသာ သိရှိကြသည်။ သူတို့က ကိုယ်တော် ဖြစ်တော်မူသောအရာကို မသိရှိကြပေ။

D. ကိုယ်တော်ကို အကြောင်းကိစ္စများနှင့် အရာများအဖြစ် သိကျွမ်းသောသူတို့သည် ကိုယ်တော်ကို သိကျွမ်းခြင်း၏ ဒုတိယ အဆင့်သို့ ဝင်ရောက်ကြပြီဖြစ်ပြီး၊ ကိုယ်တော်ကို သူတို့၏သိကျွမ်းခြင်းသည် ပို၍ မြင့်မားကာ၊ နက်ရှိုင်းလာသည်။

E. ကျွန်ုပ်တို့သည် ကိုယ်တော်အား အရာခပ်သိမ်းအဖြစ် သိကျွမ်းခြင်းသို့ ဦးဆောင်ခံရသောအခါ၊ ကျွန်ုပ်တို့ကိုယ်တိုင်၏ အသက်မှ ကယ်နုတ်ခံရ၍၊ ဝိညာဉ်ရေးရာလောကနှင့် ဝိညာဉ်ရေးရာအရာများမှပင်လျှင် ကယ်နုတ်ခံရလိမ့်မည်ဖြစ်သည်။ ထိုနေ့မှစ၍ ကျွန်ုပ်တို့က သခင်ဘုရားသည် အလုံးစုံဖြစ်တော်မူ၍၊ အလုံးစုံတို့၌ရှိတော်မူကြောင်း အမှန်ပင် ပြောကြလိမ့်မည်ဖြစ်သည်။

F. ဤသည်မှာ အခြားမဟုတ်ဘဲ ခရစ်တော်သည် ကျွန်ုပ်တို့၏အရာများဖြစ်လာခြင်းနှင့် ခရစ်တော်သည် ကျွန်ုပ်တို့၏အသက်ဖြစ်လာခြင်း ဖြစ်သော အသက်၏တရားပင် ဖြစ်သည်။

## VI. ကျွန်ုပ်တို့သည် ဒုတိယကယ်တင်ခြင်းကို လိုအပ်ခြင်း -

A. ကျွန်ုပ်တို့၏ ပထမ ကယ်တင်ခြင်းတွင် ကျွန်ုပ်တို့၏လိုအပ်မှုမှာ ခရစ်တော်ဖြစ်ပြီး၊ အလုပ်များမဟုတ်ကြောင်း ကျွန်ုပ်တို့မြင်ခဲ့ကြသည် - ဂလ၊၂း၁၆။

B. ယခု ကျွန်ုပ်တို့သည် နောက်ထပ် သန့်စွမ်း၍ အကုန်အစင်ဖြစ်သော ရူပါရုံကို လိုအပ်သည်။ ကျွန်ုပ်တို့သည် အရာများကို မလိုအပ်ပါ၊ ကျွန်ုပ်တို့သည် ခရစ်တော်ကို လိုအပ်သည် - ဖိ၊၃း၇-၈။

C. ကျွန်ုပ်တို့သည် ကောင်းမကောင်းသိကျွမ်းရာအပင်၏ အလေ့အလာမှ အသက်ပင်သို့ ကယ်နုတ်ခံရရန် လိုအပ်သည်။ ခရစ်

တော်ကို ထိတွေ့ခြင်းမှာ အသက်ကို ထိတွေ့ခြင်းဖြစ်သည် - က၂း၉။

D. ကျွန်ုပ်တို့၏ခရစ်ယာန်အသက်တာသည် ခရစ်တော်သာ ဖြစ်သင့်ပြီး၊ အရာများစွာဖြင့် ဖြည့်ခံခြင်းမရှိသင့်ပါ - ဖိ၁း၂၁က။

E. "အရာများ"အားလုံးသည် နောက်ဆုံးတွင် ကုန်ဆုံးသွားမည်၊ သို့သော် ခရစ်တော်သည် အစဉ်အမြဲ တည်ရှိနေမည်ဖြစ်သည် - ညွှန်း၊ ၁ကော၊၁၃း၈။

**VII. ကားတိုင်ကို လိုအပ်ခြင်း -**

A. ကောင်းသောအလုပ်များမှတစ်ဆင့် ကျွန်ုပ်တို့ရရှိခဲ့သော များစွာသောအရာများသည် ကားတိုင်ကို မလိုအပ်ပေ။

B. ကျွန်ုပ်တို့က ခရစ်တော်ကို ကျွန်ုပ်တို့၏အရာခပ်သိမ်းဖြစ်ရန် ကျွန်ုပ်တို့၌ အသက်ရှင်ဖို့ အခွင့်ပေးသောအခါ၊ ကိုယ်တော်သည် ကျွန်ုပ်တို့၏အရာများ ဖြစ်လာသောအခါ၊ ကျွန်ုပ်တို့သည် ကားတိုင်ကို လိုအပ်သည်။

**VIII.** ***"အမှုကိစ္စဟူ၍ မရှိပါ၊ မည်သည့်အရာမျှ မရှိပါ။ ခရစ်တော်သည် အမှုကိစ္စအားလုံးဖြစ်ပြီး၊ ခရစ်တော်သည် အရာများအားလုံးဖြစ်သည်။ ခရစ်တော်သည် အကြောင်းကိစ္စအားလုံးနှင့် အရာများအားလုံး၌ ရှိသော နေ့ရက်ရောက်လာသောအခါ ဘုရားသခင်၏ထာဝရအကြံအစည်တော်သည် ပြီးပြည့်စုံလိမ့်မည်ဖြစ်သည်" - CWWN Vol. 36 'Central Messages: Christ is All Spiritual Matts and Things', Chapter Four.***

© Living Stream Ministry